**နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပသည့် အဆင့်မြင့် အခမ်းအနားသို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်တက်ရောက်**

**(၁၁-၁၁-၂၀၂၅ ရက်၊ ဗီယင်နာ)**

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) ကကြီးမှူး၍ နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့ မှုခင်းများတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ်မြောက် အဆင့်မြင့်အခမ်းအနားကို ၁၁-၁၁-၂၀၂၅ ရက်တွင် ဩစတြီးယားနိုင်ငံ၊ ဗီယင်နာအပြည်ပြည်ဆိုင်ရာစင်တာ၌ ကျင်းပခဲ့ရာ၊ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်သံအမတ်ကြီး ဦးမင်းသိမ်းတက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ဩစတြီးယားနိုင်ငံ သမ္မတ H.E. Mr. Alexander Van der Bellenနှင့် အီတလီနိုင်ငံသမ္မတ H.E. Mr. Sergio Mattarella တို့က ဂုဏ်ပြုတက်ရောက် ချီးမြှင့်ပေးခဲ့ပြီး၊ UNODC အမှုဆောင် ညွှန်ကြားရေးမှူး Ms. Ghada Waly နှင့်အတူ မိန့်ခွန်းများအသီးသီးပြောကြားခဲ့ပါသည်။

**Myanmar Permanent Representative attends the High–level Event to commemorate the International Day Against Transnational Organized Crime**

**(11 November 2025, Vienna)**

Ambassador U Min Thein, Permanent Representative of the Republic of the Union of Myanmar to the United Nations and Other International Organizations in Vienna attended the Second High-level Event organized by the United Nations Office of International Drugs and Crime (UNODC) at the Vienna International Centre, Austria on 11 November 2025 to commemorate the International Day for the Prevention of and Fight Against All forms of Transnational Organized Crime.

The ceremony was graced by the presence of H.E. Mr. Alexander Van der Bellen, Federal President of Austria and H.E. Mr. Sergio Mattarella, President of Italy. The two Presidents and Ms. Ghada Waly, Executive Director of the UNODC, delivered remarks during the event.

*****************************




ဩစတြေးယားသမ္မတက International Day Against Transnational Organized Crime
အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်




မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်း International Day Against
Transnational Organized Crime သို့ တက်ရောက်စဉ်




UNODC Executive Director က အဖွင့်မိန့်ခွန်းပြောကြားစဉ်